Lakeview SCHOOL DISTRICT
Blake J. Prewitt Ed.S.
Superintendent
15 Arbor Street
Battle Creek, MI 49015

Lakeview သူငယ်တန်းမှ ၈တန်းကျောင်းသူ၊သား၏မိဘများ

"အခြေအနေကိုကိုယ်ကိုတိုင်မပြောင်းနိုင်သောအခါ ကိုယ့်ကိုကိုပြောင်းလဲရန် ကျွန်ုပ်တို့ကိုစိန်ခေါ်သည်" – Viktor E. Frankl

Covid-19 အခြေအနေကို ကျွန်ုပ်တို့မထိန်းချုပ်နိုင်ဘဲ ၎င်းမှကဗ္ဘာကြီးကိုပြောင်းလဲနေပါတယ်။ ဤအခြေအနေကြောင့်ကျွန်ုပ်တို့ ဘယ်လိုပြောင်းလဲမှာနည်း။ ရွေးချယ်ရန်နှစ်ခုရှိပါသည်- (၁)မဖြစ်ခင်ထက် ပိုပြီးဆိုးရွားအောင်နေမည်၊ သို့မဟုတ် (၂) မဖြစ်ခင်ထက် ပိုကောင်းအောင်နေမည်။ ကျောင်းသားများ ဤအတွေ့အကြုံမှ ခံနိုင်ရည်အသစ်နှင့် အရည်အချည်းအသစ်ဖြင့် ထွက်လာနိုင်ရန် ကျွန်ုပ်တို့အားလုံးမှာ တာဝန်ရှိပါသည်။ ဤကာလကို ကျွန်ုပ်တို့ဘယ်လောက်ဆိုးရွှံးနစ်နာသနည်းဆိုသော မှန်ဘီလူးဖြင့်ကြည့်ရန် အလွန်လွယ်ကူသော်လည်း ကျွန်ုပ်တို့ဘယ်လောက်အမြတ်ရသနည်းဟုကြည့်နိုင်ရန် အားလုံးကို တိုက်တွန်းချင်ပါသည်။

ပြည်နယ်အုပ်ချူပ်ရေးမှူးက ကျန်သည့်ကျောင်းသင်နှစ်အတွက် မျက်နှာချင်းဆိုင်စာသင်ခြင်းကို ပယ်ပျက်ပြီးဖြစ်သောကြောင့် ဝေးလံခေါင်သီသင်ယူမှုစနစ်သို့ လုံးဝပြောင်းရွှေ့သွားပါသည်။ အမှန်ပြောရမည်ဆိုလျှင် မည်သည့်အွန်လိုင်းသင်ယူမှုက ဆရာကိုယ်တိုင်မျက်နှာချင်းဆိုင်သင်ပေးခြင်းကို မှီနိုင်မည်မဟုတ်ပါ။ အခုမှစပြီး ဇွန်လအထိ အွန်လိုင်းဖြင့်လုပ်သွားမည့်သင်ယူမှုသည် ကျောင်းတွင်သင်ပေးခြင်းနှင့် တူညီမည်မဟုတ်ပါ။ အရည်အချင်းပြည့်ဝသည့်ဆရာများ ၏ အခန်းထဲသင်ပေးခြင်းကို မည်သည့်အွန်လိုင်းသင်းယူမှုမှ နေရာယူလို့ရမည်မဟုတ်ပါ။ သို့သော်လည်း သင်ယူမှုလုံးဝရက်တန့်ရမည်ဟု ဆိုလိုခြင်းမဟုတ်ပါ။ သင်ယူမှုဆက်လက်ဖြစ်ပျက်ပြီး ကျောင်းသားအရောက်စီတိုင်း စာဆက်လက်သင်ယူခြင်းသည် အင်မတန်မှအရေးကြီးပါသည်။ မိဘများကို အရင်ပတ်သတင်းပေးသည့်အတိုင်း ဆက်လက်အကောင်ထည်ဖော်သွားမည်ဖြစ်ပြီး ယခုချိန်၌ ကျောင်းသင်နှစ်အဆုံး အမှတ်ပေးစနစ်နှင့်ပတ်သက်ပြီး ပြောသွားပါမည်။

***<u>အမှတ်ပေးပုံပေးနည်း</u>***

**သူငယ်တန်းမှ ၄တန်း**

- Fountas နှင့် Pinnell Interactive Read Aloudsၤ အသံထွက်လေ့လာသင်ယူမှု (သူငယ်တန်းမှ ၂ တန်းထိ) နှင့် နေ့စဉ် Bridges သင်္ချာလေ့ကျင့်ခန်းများကို နှစ်ကုန်ထိပေးသွားပါမည်။
- ဤလေ့ကျင့်ခန်းကျောင်းစာများအပေါ်မူတည်ပြီး ပြန်လည်သုံးသပ်သည့် ရီပေါ့ကဒ်ကို မိဘများ ပေးသွားမည်ဖြစ်သည်။

**၅ တန်းမှ ၆ တန်း**

- မသင်မဖြစ်လိုအပ်သည့် အင်္ဂလိပ်နှင့် သင်္ချာစာများကို နှစ်ကုန်ထိကျွမ်းကျင်နိုင်ရန် ရွေးချယ်ပြီးပေးသွားပါမည်။
- ဤလေ့ကျင့်ခန်းကျောင်းစာများအပေါ်မူတည်ပြီး ပြန်လည်သုံးသပ်သည့် ရီပေါ့ကဒ်ကို မိဘများ ပေးသွားမည်ဖြစ်သည်။

Lakeview
SCHOOL DISTRICT

Blake J. Prewitt Ed.S.
Superintendent
15 Arbor Street
Battle Creek, MI 49015

**၇ တန်းမှ ၈ တန်း**

- မသင်မဖြစ်လိုအပ်သည့် အင်္ဂလိပ်နှင့် သင်္ချာစာများကို နှစ်ကုန်ထိကျွမ်းကျင်နိုင်ရန် ရွေးချယ်ပြီးပေးသွားပါမည်။ ဤလေ့ကျင့်ခန်းကျောင်းစာများအပေါ်မူတည်ပြီး ပြန်လည်သုံးသပ်သည့် ရီပေါ့ကဒ်ကို မိဘများ ပေးသွားမည်ဖြစ်သည်။
- ဘာသာအားလုံးမှာ အောင်/ရှုံး ရမည်ဖြစ်သည်။ အခန်းအောင်နိုင်ရန်အတွက် အွန်လိုင်းတွင်ရှိသော စာများကိုလုပ်ပြီး အချိန်မှန်တင်ပေးရပါမည်။

***<u>Chromebook နှင့် Wifi Hotspots</u>***

ကွန်ပျူတာနှင့် အင်တာနက်မရှိသည့် မိသားစုများအတွက် Chromebook နှင့် Wifi hotspots များရရှိနိုင်မည်ဖြစ်သည်။ ဧပြီ ၈ ရက်နေ့မှစပြီး ၂၆၉-၅၆၅-၃၇၁၁ သို့ ဖုန်းခေါ်ပြီး Chromebook နှင့် Wifi hotspots ရယူရန် ရက်ချိန်းလုပ်နိုင်ပါသည်။ ဤ Wifi hotspots များသည် ကန့်သတ်သည့်ပလဲန် (plan) ဖြစ်သောကြောင့် Comcast သို့မဟုတ် AT&T ၏ Covid-19 ကြောင့်လျှော့စျေးပေးသော ပလဲန် (plan) များကို အသုံးပြုရန် တိုက်တွန်းလိုပါသည်။

***<u>အဆောက်အအုံအသုံးပြုခွင့်</u>***

ပြည်နယ်အုပ်ချုပ်ရေးမှူးက ကျောင်းအဆောက်အအုံများကို ကန့်သတ်အသုံးပြုခွင့်ပေးသော်လည်း CDC အကြံပြုသည့်အတိုင်း ဧပြီ ၃၀ ရက်ထိ အားလုံးမိမိအိမ်၌သာ နေသင့်ပါသည်။ Covid-19 ကြောင့် သေဆုံးသွားသည့် ပထမဦးဆုံးလူနာလည်း ဤအပတ်အတွင်း Calhoun County တွင်စတင်ရှိပါသည်။ ကျောင်းဝန်ထမ်း၊ ကျောင်းသားများ၊ မိဘများနှင့် ကွန်မြူနတီလူထုအားလုံး၏ လုံခြုံရေးအတွက် ဧပြီ ၃၀ ရက်ထိ ကျောင်းအဆောက်အအုံများကို ပိတ်ပါမည်။ ကျောင်းမှယူလိုသော ကိုယ်ပိုင်ပစ္စည်းများကို လုံခြုံစွာရယူနိုင်သည့် အချိန်ကာလရောက်သောအခါ ဆက်လက်သတင်းကြားပါမည်။

***<u>ကျောင်းပိုင်သည့် အားကစားကွင်းနှင့် ကလေးကစားရာနေရာများ</u>***

ပြည်နယ်အုပ်ချုပ်ရေးမှူး၏ "အိမ်နေရမည်" အမိန့်ကြောင့် ကျောင်းပိုင်ဆိုင်သည့် အားကစားကွင်းနှင့် ကလေးကစားရာနေရာများကို မည်သူမျှမသုံးနိုင်ပါ။ အားကစားကွင်းနှင့် ကလေးကစားရာနေရာများတွင် ကစားခြင်းသည် မှန်ကန်သည့်လူမှုရေးအကွာအဝေးနည်းလမ်းနှင့် ဆန့်ကျင်ဘက်ဖြစ်ပါသည်။ မြို့တွင်း တစ်ချို့ကလေးကစားရာနေရာများတွင် "သတိထားပါ" တိပ်ခွေကပ်ထားသည်ကို တွေ့ရပါမည်။ ထို့အတူ ကျွန်ုပ်တို့မလုပ်သော်လည်း ကိုယ့်သားသမီးကို လူမှုရေးကွာဝေးခြင်းနည်းလမ်းကို သင်ပေးရန်နှင့် စံပြကောင်းဖြစ်ရန် တောင်းဆိုချင်ပါသည်။

Spartan ဂုဏ်ဆောင်ရင်း၊

Blake J. Prewitt Ed.S.

ကျောင်းကြီးကြပ်ရေးမှူး